International
IDEA

# ဒေသန္တရ ဒီမိုကရေစီ



ဖတ်လွယ်
မှတ်လွယ်


# ဖတ်လွယ်၊ မှတ်လွယ်




ဤစာအုပ်သည် အချက်အလက်အချို့ကို အလွယ်တကူ ဖတ်ရှုနိုင်ရန် ပုံဖော်ရေးသားထားခြင်း ဖြစ်သည်။ ဤစာအုပ်တွင် အချက်အလက်အားလုံး မပါဝင်နိုင်သော်လည်း အရေးကြီးသော အကြောင်းအရာများကို ဖော်ပြပေးသွားပါမည်။



ဤ ဖတ်လွယ်မှတ်လွယ်စာအုပ်ငယ်တွင် ဖတ်ရှုရ လွယ်ကူစေသော စကားလုံးများနှင့် ရုပ်ပုံများကို သုံးထားပါသည်။ အချို့သောသူများအတွက်မူ ဤစာအုပ်ငယ် ဖတ်ရှုရာတွင် အကူအညီ လိုအပ်ကောင်း လိုအပ်နိုင်ပါသေးသည်။




အချို့သော စကားလုံးများကို **စာလုံးအမည်းရောင် ထူထူ**ဖြင့် ရေးထားသည်။ ဆိုလိုသည်မှာ အခြား စကားလုံးများထက် ပိုထူပြီး ပိုမည်းပါသည်။ ထိုစကားလုံးများသည် စာအုပ်တွင် အရေးပါသော စကားလုံးများဖြစ်သည်။




တစ်ခါတစ်ရံ ထိုအမည်းရောင်ထူထူ စကားလုံးသည် နားလည်ရန်ခက်ခဲပါက ထိုစကားလုံး၏ ဆိုလိုရင်းကို ရှင်းပြပေးသွားပါမည်။




မျဉ်းသားထားသော အပြာရောင် စကားလုံးများသည် ဝဘ်ဒ်ဆိုဒ်နှင့် အီးမေးလ်လိပ်စာများကို ပြသသော လင့်ခ်များ ဖြစ်သည်။ သင်သည် ဤလင့်ခ်များကို မိမိ၏ ကွန်ပျူတာမှတစ်ဆင့် ဝင်ရောက်နိုင်သည်။

# ဤစာအုပ်ငယ်တွင် ပါဝင်သည့် အကြောင်းအရာများ


ဒေသန္တရဒီမိုကရေစီဆိုတာ ဘာလဲ။........................................................ ၄

ကောင်းကျိုးနှင့် ဆိုးကျိုးများ........................................................ ၅

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒေသန္တရဒီမိုကရေစီကို ထည့်သွင်းဖော်ပြခြင်း ........ ၆

တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီနိုင် ........................................................ ၁၇

ဒေသန္တရဒီမိုကရေစီကို ကာကွယ်ခြင်း ........................................................ ၂၀

အခြားနည်းလမ်းများ ........................................................ ၂၃

စဥ်းစားရန်မေးခွန်းများ ........................................................ ၂၅

ပိုမိုလေ့လာရန် ........................................................ ၂၈

# ဒေသန္တရ ဒီမိုကရေစီဆိုတာ ဘာလဲ။

ဤစာအုပ်ကို ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) မှ ရေးသားထားပါသည်။ ဤစာအုပ်တွင် **ဒေသန္တရဒီမိုကရေစီ** အကြောင်း ရှင်းပြထားပါသည်။



**ဒေသန္တရဒီမိုကရေစီ** ဆိုသည်မှာ မြို့နယ်များ၊ မြို့များနှင့် ကျေးရွာများကဲ့သို့ သေးငယ်သော နယ်မြေဒေသများအား အာဏာနှင့် လုပ်ပိုင်ခွင့်ပေး ထားခြင်းဖြစ်သည်။




ကျေးရွာကောင်စီ၊ မြို့နယ်ကောင်စီ သို့မဟုတ် မြို့တော်ဝန်ကို မဲပေးရွေးကောက်တင်မြှောက်ခြင်းသည် ဒေသန္တရဒီမိုကရေစီ ဖြစ်သည်။




ဒေသန္တရဒီမိုကရေစီဖော်ဆောင်ခြင်းအားဖြင့် ပြည်သူများသည် ၎င်းတို့၏ရပ်ရွာအရေးကိစ္စများတွင် ပါဝင်နိုင်လာပြီး ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေသည့်အပြင် ရပ်ရွာလူထုအသိုက်အဝန်းကိုလည်း ပိုမိုခိုင်မာအားကောင်းစေပါသည်။




ဤလမ်းညွှန်စာအုပ်ငယ်တွင် ဒေသန္တရဒီမိုကရေစီ ထွန်းကားရန် နိုင်ငံအသီးသီးက ဥပဒေများ မည်သို့ ရေးဆွဲနိုင်ကြပုံကို ရှင်းပြထားပါသည်။

# ကောင်းကျိုးနှင့် ဆိုးကျိုးများ



ဒေသန္တရဒီမိုကရေစီသည် ကောင်းကျိုးပေးနိုင်သလို ဆိုးကျိုးလည်း ပေးနိုင်သည်။



ဒေသန္တရဒီမိုကရေစီဆိုသည်မှာ ရပ်ရွာ ခေါင်းဆောင်များအနေဖြင့် ၎င်းတို့ရပ်ရွာအတွင်း နေထိုင်ကြသည့် ပြည်သူများအတွက် ကောင်းမွန် မှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း ဖြစ်သည်။




ဒေသန္တရဒီမိုကရေစီသည် ပြည်သူများအား ၎င်းတို့ရပ်ရွာ၏ ကောင်းကျိုးအတွက် ပါဝင်ခွင့်၊ လုပ်ဆောင်ခွင့် ရရှိစေသည်။




သို့သော် ရပ်ရွာခေါင်းဆောင်များတွင် အာဏာ အများအပြားရှိပါက ပြဿနာဖြစ်စေနိုင်သည်။



ထိုသို့ဖြစ်ပါက ပြည်သူများအား ဝန်ဆောင်မှု ပေးရာတွင် ညံ့ဖျင်းခြင်း၊ မမျှတခြင်း ဖြစ်စေနိုင်သည်။

# ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒေသန္တရ ဒီမိုကရေစီကို ထည့်သွင်းဖော်ပြခြင်း




**ဖွဲ့စည်းပုံအခြေခံဥပဒေ**သည် နိုင်ငံတစ်နိုင်ငံကို မည်ကဲ့သို့ လည်ပတ်အုပ်ချုပ်ရန် လမ်းညွှန်ပေးသည့် စည်းမျဉ်းများဖြစ်သည်။




အစိုးရများက ဖွဲ့စည်းပုံအခြေခံဥပဒေကို အလွယ်တကူ ပြုပြင်ပြောင်းလဲ၍ မရပါ။




အချို့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဒေသန္တရဒီမိုကရေစီစည်းမျဉ်းများ ထည့်သွင်းဖော်ပြထားသည်။



ထိုစည်းမျဉ်းများတွင် ဒေသန္တရဒီမိုကရေစီသည် မည်ကဲ့သို့ဖြစ်သင့်ကြောင်း၊ ရပ်ရွာခေါင်းဆောင်များက ဘာတွေလုပ်နိုင်ကြောင်း ဖော်ပြထားနိုင်သည်။




ဒေသန္တရဒီမိုကရေစီကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြခြင်းက ကောင်းပါသည်။




ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြပါက ဒေသန္တရဒီမိုကရေစီ စည်းမျဉ်းများ မကြာခဏ အပြောင်းအလဲမဖြစ်တော့ပါ။

ဒေသန္တရဒီမိုကရေစီကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြရေးသားပါက အချက် ၃ ချက် စဥ်းစားရန် လိုအပ်သည်။



၁။ ပြည်သူတွေ ဘာလိုချင်လဲ၊ ဘယ်အရာက ပြည်သူအားလုံးအတွက် မျှတမှုရှိစေမလဲ၊ ဘယ်အရာတွေက ဖြစ်နိုင်ချေရှိမလဲ။



၂။ ရပ်ရွာခေါင်းဆောင်များအနေဖြင့် သမာသမတ်ကျပြီး ပြည်သူများ၏အသံကို နားထောင်မှုရှိစေခြင်း။



၃။ ရပ်ရွာပြည်သူများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ` ရွေးချယ်မှုများ ပြုနိုင်ခြင်း။

# တာဝန်ရှိသူကို ရွေးချယ်ခြင်း




နေရာဒေသအများစုတွင် ကျေးရွာကောင်စီ/ မြို့နယ် ကောင်စီ ရှိကြသည်။ ထိုကောင်စီသည်

- ရပ်ရွာနှင့် သက်ဆိုင်သည့်ဥပဒေများကို ရေးဆွဲသည်။




- ရပ်ရွာအတွက် ဝန်ဆောင်မှုများပေးရာတွင် လိုအပ်သည့်ပိုက်ဆံ ဘယ်လိုသုံးစွဲရမည်ကို ဆုံးဖြတ်သည်။



အချို့နိုင်ငံများတွင် ကျေးရွာကောင်စီ/ မြို့နယ် ကောင်စီ ဘယ်လိုရွေးကောက်တင်မြှောက်ရမည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်းရှင်းပြထားသည်။



နေရာဒေသအများအပြားတွင် မြို့တော်ဝန်လည်း ရှိပါသည်။ မြို့တော်ဝန်သည် မြို့/ရပ်ရွာခေါင်းဆောင် ဖြစ်ပါသည်။





မြို့တော်ဝန်ကို ကျေးရွာ/မြို့နယ်ကောင်စီက တိုက်ရိုက်ရွေးချယ်နိုင်သည်၊ သို့မဟုတ်ပြည်သူလူထုက မဲပေးတင်မြှောက်နိုင်သည်။




အချို့ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် **ဒေသန္တရ ရွေးကောက်ပွဲများ**ကို မည်မျှကြာတစ်ခါ ပြုလုပ်သင့်ကြောင်း စည်းမျဥ်းများဖော်ပြထားသည်။

**ဒေသန္တရရွေးကောက်ပွဲ**ဆိုသည်မှာ ရပ်ရွာအတွင်း နေထိုင်ကြသည့် ပြည်သူအားလုံးက မိမိတို့၏ရပ်ရွာ ခေါင်းဆောင် သို့မဟုတ် ကျေးရွာ/မြို့နယ်ကောင်စီ အဖွဲ့ဝင်များကို မဲပေးရွေးကောက်ခြင်းဖြစ်သည်။




ဥပမာ အိုင်ယာလန်နိုင်ငံတွင် ဒေသန္တရရွေးကောက်ပွဲကို ငါးနှစ်တစ်ခါ ပြုလုပ်ရမည်ဟု ပြောထားပါသည်။




အချို့ ကျေးရွာ/မြို့နယ်ကောင်စီများတွင် **အုပ်ချုပ်ရေးမှူး**လည်း ရှိပါသည်။

**အုပ်ချုပ်ရေးမှူး**သည် ကောင်စီ၏လမ်းညွှန်မှုအတိုင်း ပြည်သူ့ဝန်ဆောင်မှုများကို ဖော်ဆောင်ပါသည်။



နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်ပါတို့ကို ဖော်ပြနိုင်သည်။

- မြို့တော်ဝန်၊ အုပ်ချုပ်ရေးမှူးတို့ကို မည်ကဲ့သို့ ရွေးချယ်သင့်ပုံ





- မြို့တော်ဝန်အတွက် ဒေသန္တရရွေးကောက်ပွဲကို မည်ကဲ့သို့ ပြုလုပ်သင့်ပုံ



- ကျေးရွာ/မြို့နယ်ကောင်စီတွင် အမျိုးသမီးများ သို့မဟုတ် **ဖယ်ကြဉ်ခံအုပ်စုများ**မှလူများ ဘယ်နှစ်ယောက် ပါဝင်သင့်ပုံ

  **ဖယ်ကြဉ်ခံအုပ်စုများ**ဆိုသည်မှာ အမြဲတမ်း မျှမျှတတ ဆက်ဆံခြင်းမခံရသည့် လူများ၊ မိမိတို့၏ သဘောထားများကို အလွယ်တကူ ကြားသိအောင် ပြုလုပ်နိုင်ခွင့်မရှိသည့်လူများ ဖြစ်သည်။

# မြို့/ရပ်ရွာများကို လုပ်ပိုင်ခွင့်အာဏာပေးခြင်း




အချို့နိုင်ငံများတွင် **နိုင်ငံတော်အစိုးရ**က ရပ်ရွာဒေသများတွင် လုပ်ပိုင်ခွင့်အာဏာ မည်ရွေ့မည်မျှသာရှိကြောင်း ဆုံးဖြတ်နိုင်ပါသည်။



**နိုင်ငံတော်အစိုးရ**သည် တစ်နိုင်ငံလုံးကို ဦးဆောင်အုပ်ချုပ်ရန် တာဝန်ရှိသည်။




အချို့နိုင်ငံများတွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွက် သင့်လျော်သည်ဟုရှုမြင်ပါက ရပ်ရွာဒေသများ၏ လုပ်ပိုင်ခွင့်အာဏာကို ပြောင်းလဲနိုင်သည်။




သို့သော် အချို့နိုင်ငံတွေမှာ ရပ်ရွာဒေသများတွင် လုပ်ပိုင်ခွင့်အာဏာ မည်ရွေ့မည်မျှရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းဖော်ပြထားပါသည်။




နိုင်ငံတော်အစိုးရက ရပ်ရွာများအတွက် အကျိုးဖြစ်ထွန်းသည့် ဆုံးဖြတ်ချက်များချမှတ်ဖို့ ကြိုးစားလာလျှင် ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းဖော်ပြထားခြင်းဖြင့် ရပ်ရွာများ၏ လုပ်ပိုင်ခွင့်အာဏာကို အကာအကွယ်ပေးနိုင်သည်။



အချို့နိုင်ငံများတွင် ရပ်ရွာများကို အာဏာများ ပိုမိုပေးအပ်ရန် ခွင့်ပြုထားသည်။ သို့သော် အစိုးရ၏ သဘောတူညီမှုလိုအပ်သည်။




အချို့နေရာဒေသများတွင် ဥပဒေနှင့်ညီသရွေ့ ရပ်ရွာများက ၎င်းတို့၏ ကိုယ်ပိုင်စည်းမျဉ်းများ ချမှတ်နိုင်သည်။




ဆိုလိုသည်မှာ ရပ်ရွာဒေသ ခေါင်းဆောင်များသည် ထိုကိုယ်ပိုင်စည်းမျဉ်းများ မချမှတ်မီ အစိုးရထံ ခွင့်တောင်းစရာ မလိုပါ။



သို့သော် အစိုးရက လိုအပ်သည်ဟု ယူဆပါက ရပ်ရွာကိစ္စများတွင် ဝင်ရောက်ဆုံးဖြတ်နိုင်သည်။

# အာဏာခွဲဝေခြင်း




**ဒေသန္တရအဆင့်ထံသို့ အာဏာခွဲဝေရေးမူ**ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းဖော်ပြနိုင်သည်။



ဆိုလိုသည်မှာ မြို့/ရပ်ရွာ အဆင့်နှင့် အစိုးရအကြား အာဏာခွဲဝေခြင်း ဖြစ်သည်။



ဒေသန္တရအဆင့်ထံသို့ အာဏာခွဲဝေထားပါက နိုင်ငံတော်အစိုးရသည် ရပ်ရွာဒေသအစိုးရများ၏ လုပ်ငန်းတွင် မပါဝင်သင့်ဟု ဆိုထားပါသည်။



ထိုအစား လိုအပ်မှသာ နိုင်ငံတော်အစိုးရက ရပ်ရွာဒေသ (ဒေသန္တရ) အစိုးရကို ကူညီသင့်သည်။




ဒေသန္တရအဆင့်ထံသို့ အာဏာခွဲဝေခြင်းမူကို ဥပဒေတွင် ထည့်သွင်းဖော်ပြနိုင်သည်။ သို့မဟုတ် လမ်းညွှန်ချက်တစ်ခုအနေဖြင့်သာ ထားရှိကျင့်သုံးနိုင်သည်။

# ပိုက်ဆံ





အချို့နိုင်ငံများတွင် နိုင်ငံတော်အစိုးရက ရပ်ရွာဒေသများတွင် ပိုက်ဆံသုံးစွဲခွင့်အာဏာ ဘယ်လောက်ရှိသင့်ကြောင်းကို ဆုံးဖြတ်ပါသည်။



နိုင်ငံတော်အစိုးရက ရပ်ရွာဒေသ ခေါင်းဆောင်များကို လမ်းတံတား၊ အဆောက်အဦးကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုများတွင် ပိုက်ဆံသုံးစွဲရန် ညွှန်ကြားနိုင်သည်။





ဆိုလိုသည်မှာ ရပ်ရွာဒေသများက နိုင်ငံတော်အစိုးရကို အရင်ခွင့်မတောင်းဘဲ ပိုက်ဆံသုံးစွဲရန် မိမိကိုယ်တိုင် ဆုံးဖြတ်လို့မရပါ။




အချို့နိုင်ငံများတွင် ရပ်ရွာဒေသများထံသို့ ပိုက်ဆံမည်မျှ လွှဲပြောင်းပေးသင့်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်းဖော်ပြထားသည်။

# အချို့ မြို့/ရပ်ရွာဒေသများအတွက် အထူးစည်းမျဉ်းများ




တစ်ခါတစ်ရံတွင် ရပ်ရွာဒေသများ၏ လိုအပ်ချက် အလိုက် ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားသော စည်းမျဉ်း များရှိနိုင်သည်။



ထိုစည်းမျဉ်းများသည် ရပ်ရွာဒေသများ ကောင်းမွန်သင့်လျော်ရေးအပေါ် အခြေခံသည်။



ဥပမာ ကင်ညာနိုင်ငံရှိ အချို့မြို့ကြီးများတွင် အခြား ဒေသများထက် ပိုမိုများပြားသော ဒေသန္တရဒီမိုကရေစီ စည်းမျဉ်းများ သတ်မှတ်ထားသည်။


# အထူးအဖွဲ့အစည်းများ



အချို့ဒေသများတွင် ရပ်ရွာဒေသ ဝန်ဆောင်မှုကို တာဝန်ယူလုပ်ဆောင်သည့် အထူးအဖွဲ့အစည်းများ ထားရှိသည်။




ဥပမာ အချို့ဒေသများတွင် စာသင်ကျောင်း **ဘုတ်အဖွဲ့များ** ရှိကြသည်။ ထိုအဖွဲ့များသည် ထိုဒေသ အတွင်းရှိ စာသင်ကျောင်းများကို ဦးဆောင်တာဝန်ယူ ရသည်။



သို့သော် အထူးအဖွဲ့အစည်း အများအပြား ထားရှိခြင်းသည် ပြဿနာဖြစ်စေနိုင်သည်။



ဘယ်သူက တာဝန်ရှိသူလဲ သိရန် ခက်ခဲနိုင်သည်။




ငွေကြေးအကုန်အကျလည်း များနိုင်သည်။

# တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီနိုင်



နိုင်ငံအသီးသီးတွင် ပုံစံမတူသော ဒေသန္တရဒီမိုကရေစီ အမျိုးအစားများ လိုအပ်ပါသည်။



နိုင်ငံတစ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲမည်ဆိုပါက ၎င်းတို့နိုင်ငံအတွက် အရေးကြီးသော အရာများကို စဉ်းစားရန် အရေးကြီးသည်။

နိုင်ငံတွေအနေဖြင့် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အတွင်း ဒေသန္တရဒီမိုကရေစီကို ထည့်သွင်းရေးသား သည့်အခါ အောက်ပါတို့ကို စဉ်းစားသင့်သည်။




- မိမိနိုင်ငံတွင် မြို့နယ်/ကျေးရွာကောင်စီတွေလိုမျိုး ဒေသန္တရဒီမိုကရေစီပုံစံအချို့ ကျင့်သုံးနေပြီးသား လား။ သို့မဟုတ် လုံးဝအသစ် ဖွဲ့စည်းကျင့်သုံးရမည်လား။




- ပြည်သူနှင့် အစိုးရအကြား အပြန်အလှန်ယုံကြည်မှု ဘယ်လောက်ရှိလဲ။

အောက်ပါတို့ကိုလည်း စဉ်းစားသင့်သည်။



- ဒေသန္တရဒီမိုကရေစီသည် မိမိနိုင်ငံအတွက် ဘယ်လောက် အရေးပါလဲ။



- ရပ်ရွာဒေသများတွင် ရှိသင့်သည့် အာဏာအတိုင်းအတာအပေါ် ပြည်သူလူထုက သဘောတူ၊ မတူ။



- ဖယ်ကြဉ်ခံလူအုပ်စုအပါအဝင် မတူကွဲပြားသော လူအုပ်စုအသီးသီးသည် ဒေသန္တရဒီမိုကရေစီတွင် မည်မျှပါဝင်ပြောဆိုချင်ကြလဲ။




- ရပ်ရွာဒေသ (ဒေသန္တရ) အစိုးရက ပိုကောင်းတဲ့ ပြည်သူ့ဝန်ဆောင်မှုပေးစွမ်းနိုင်လို့ ဒေသန္တရ ဒီမိုကရေစီကို ပြည်သူတွေလိုချင်တာလား။

အောက်ပါတို့ကိုလည်း စဥ်းစားသင့်သည်။




- မိမိနိုင်ငံ၏ အချို့နေရာဒေသများတွင် စစ်ပွဲ သို့မဟုတ် အကြမ်းဖက်မှုကဲ့သို့ လုံခြုံရေးဆိုင်ရာ ပြဿနာများရှိနေလား။



- မိမိနိုင်ငံသည် **ဖက်ဒရယ်စနစ်**ကျင့်သုံးတဲ့ နိုင်ငံလား။

  **ဖက်ဒရယ်**ဆိုသည်မှာ အစိုးရနှင့် ပြည်နယ်များ အကြား အာဏာခွဲဝေအုပ်ချုပ်ခြင်း ဖြစ်သည်။




- ဒေသန္တရဒီမိုကရေစီနှင့် ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း ဘာစည်းမျဉ်းတွေ သတ်မှတ်ပြောဆိုထားကြလဲ။

# ဒေသန္တရဒီမိုကရေစီကို ကာကွယ်ခြင်း




မိမိအကျိုးအတွက် အာဏာရယူလိုသူတွေထံမှ ဒေသန္တရဒီမိုကရေစီကို ကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် စည်းမျဉ်းများ ဖော်ပြထားနိုင်သည်။

## ခေါင်းဆောင်များ စည်းမျဉ်းလိုက်နာမှု ရှိမရှိ စစ်ဆေးခြင်း



ရပ်ရွာဒေသ ခေါင်းဆောင်များ စည်းမျဉ်းမချိုးဖောက်ရန် စစ်ဆေးသည့် အဖွဲ့အစည်းများ ရှိသင့်သည်။



၎င်းအဖွဲ့အစည်းများကို အစိုးရက ဦးမဆောင်သင့်ပါ။





၎င်းအဖွဲ့အစည်းများ၏ အလုပ်လုပ်ပုံနှင့် ပတ်သက်သည့် စည်းမျဉ်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ဖော်ပြနိုင်သည်။

# ခေါင်းဆောင်ဆိုးများကို ဖယ်ရှားခြင်း



ခေါင်းဆောင်ဆိုးများကို ဖယ်ရှားရန်နည်းလမ်း ရှိသင့်သည်။


နည်းလမ်းများမှာ အောက်ပါတို့ ဖြစ်နိုင်သည်။



- မြို့နယ်/ကျေးရွာ ကောင်စီဝင်များသည် ထိုခေါင်းဆောင်ဆိုးများကို မဲပေးဖြုတ်ချနိုင်ခွင့် ရှိခြင်း။



- ပြစ်မှုအတွက် တရားရုံးသို့ ခေါ်ဆောင်ခြင်း။




- ရပ်ရွာဒေသတွင်း ပြည်သူလူထုအားလုံးသည် ထိုခေါင်းဆောင်ဆိုးများကို မဲပေးဖြုတ်ချနိုင်ခွင့် ရှိခြင်း။

# ပြည်သူလူထု၏ သဘောထားကို မေးမြန်းခြင်း



အချို့နိုင်ငံများတွင် ရပ်ရွာဒေသ ခေါင်းဆောင်များသည် ပြည်သူလူထုအား မိမိရပ်ရွာဒေသ ကိစ္စရပ်များအပေါ် မဲပေးဆုံးဖြတ်ရန် တောင်းဆိုနိုင်သည်။



အချို့နိုင်ငံများတွင်မူ မြို့နယ်/ကျေးရွာကောင်စီများသည် ပြည်သူလူထုအား အစည်းအဝေးများထံသို့ ဖိတ်ကြား၍ ၎င်းတို့အပေါ်သက်ရောက်မှုရှိသည့် ကိစ္စရပ်များ အကြောင်း ပြည်သူလူထုကပြောဆို ဆွေးနွေးနိုင်ရန် စီစဉ်ပေးကြသည်။

## နိုင်ငံတော်အစိုးရ



တစ်ခါတစ်ရံတွင် နိုင်ငံတော်အစိုးရသည် ရပ်ရွာဒေသ ခေါင်းဆောင်များထံမှ အာဏာလွှဲပြောင်း ရယူရန် လိုအပ်ပေလိမ့်မည်။





ထိုသို့ လွှဲပြောင်းရခြင်းမှာ ရပ်ရွာဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် ဖြစ်နိုင်သည်။ သို့မဟုတ် ရပ်ရွာဒေသခေါင်းဆောင်တွေက အလုပ်ကောင်းကောင်း မလုပ်သည့်အခါတွင် ဖြစ်နိုင်သည်။ သို့သော် ထိုသို့ အာဏာလွှဲပြောင်းမှု မကြာခဏမဖြစ်သင့်ပါ။





အချို့နိုင်ငံများတွင် အစိုးရသည် ရပ်ရွာဒေသ ခေါင်းဆောင်များထံမှ မည်သည့်အချိန်တွင် တာဝန်လွှဲပြောင်းယူနိုင်ကြောင်း စည်းမျဉ်းများရှိသည်။

# အခြားနည်းလမ်းများ




အချို့နိုင်ငံများတွင် ပြည်သူလူထုက ရပ်ရွာဒေသ ခေါင်းဆောင်များကို ရွေးကောက်ပွဲမှတစ်ဆင့် မရွေးချယ်ကြပါ။



ထိုအစား အစိုးရက ရပ်ရွာဒေသခေါင်းဆောင်များကို ရွေးချယ်ခန့်ထားပါသည်။



ထိုသို့ ရွေးချယ်ခြင်းက ရွေးကောက်ပွဲမှတစ်ဆင့် ရွေးချယ်ခြင်းလောက် မကောင်းပါ။




သို့သော် တစ်ခါတစ်ရံတွင် ရွေးကောက်ပွဲကျင်းပရန် မလုံခြုံသည့် အခြေအနေမျိုးလည်း ရှိနိုင်သည်။




အကယ်၍ ရပ်ရွာဒေသခေါင်းဆောင်များကို အစိုးရက ရွေးချယ်ခန့်ထားပါက ထိုခေါင်းဆောင်များသည် ပြည်သူအားလုံးအပေါ် တရားမျှတမှုရှိစေရန် စည်းမျဉ်းများထားရှိနိုင်သည်။




အချို့နေရာဒေသများတွင် ရပ်ရွာဒေသခေါင်းဆောင် မည်သူဖြစ်ရမည်နှင့်ပတ်သက်ပြီး ရှေးရိုးဆန်သော စည်းမျဉ်းများ ရှိကြသည်။



မျိုးနွယ်စုခေါင်းဆောင်ကဲ့သို့သော လူများသည် ရွာ၏အကြီးအကဲ ဖြစ်နိုင်သည်။





အချို့နိုင်ငံတွေမှာ ရပ်ရွာဒေသခေါင်းဆောင်တွေ လုပ်သင့်သည့် အရာနှင့် မလုပ်သင့်သည့်အရာတွေကို ဖော်ပြထားသည့် ဥပဒေများရှိသည်။

# စဉ်းစားရန် မေးခွန်းများ

အောက်ပါတို့မှာ စဉ်းစားရန်မေးခွန်းအချို့ ဖြစ်သည်။



၁။ ဒေသန္တရဒီမိုကရေစီ ကျင့်သုံးရခြင်းက ဘာအတွက်လဲ။ ဒေသန္တရဒီမိုကရေစီမှာ ရပ်ရွာဒေသတွေက ရွေးချယ်မှုတွေ ကိုယ်တိုင်လုပ်နိုင်လား၊ သို့မဟုတ် အစိုးရပြောတာကိုပဲ လိုက်လုပ်ရတာလား။



၂။ နိုင်ငံတော်မှာ ပိုက်ဆံဘယ်လောက် ရှိလဲ။ ဒေသန္တရ ဒီမိုကရေစီ လည်ပတ်ဖို့အတွက် ပိုက်ဆံ ပေးနိုင်လား။



၃။ မိမိနိုင်ငံတွင် မြို့နယ်/ကျေးရွာ ကောင်စီတွေ အတွက် အလုပ်လုပ်နိုင်တဲ့သူတွေ အလုံအလောက် ရှိလား။



၄။ ဒေသန္တရဒီမိုကရေစီတွင် ပါဝင်ရန်လိုအပ်သော ဖယ်ကြဉ်ခံလူအုပ်စုများ ရှိပါသလား။



၅။ မိမိနိုင်ငံတွင် ဒေသန္တရဒီမိုကရေစီ တစ်နည်းတစ်ဖုံ
ကျင့်သုံးနှင့်နေပြီလား။




၆။ နိုင်ငံတစ်ဝန်းလုံးက ဒေသန္တရအာဏာကို
ပိုလိုချင်ကြသလား။ အထူးစည်းမျဉ်းများ
လိုအပ်သော နေရာဒေသတွေ ရှိပါသလား။



၇။ ရပ်ရွာဒေသခေါင်းဆောင်တွေက လူတိုင်းရဲ့
စကားသံကို နားထောင်မှုရှိစေဖို့ ဘယ်လိုလုပ်နိုင်
မလဲ။



၈။ ရပ်ရွာဒေသခေါင်းဆောင်ကောင်းတွေရှိဖို့
ဘယ်လိုလုပ်နိုင်မလဲ။



၉။ နိုင်ငံတစ်နိုင်ငံကို ရပ်ရွာဒေသများအဖြစ်
မည်သို့ ပိုင်းခြားဖွဲ့စည်းသင့်သလဲ။

အောက်ပါတို့မှာ စဉ်းစားရန်လိုအပ်သော နောက်ထပ် မေးခွန်းအချို့ ဖြစ်သည်။




၁၀။ပြည်သူ့ဝန်ဆောင်မှုများအတွက် လိုအပ်သော ပိုက်ဆံသုံးစွဲရန် ရပ်ရွာဒေသခေါင်းဆောင်များတွင် ပိုက်ဆံအလုံအလောက်ရှိစေရန် ဘယ်လိုလုပ်နိုင်မလဲ။



၁၁။**နိုင်ငံရေးပါတီ**တွေက ဒေသန္တရဒီမိုကရေစီအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိလဲ။

**နိုင်ငံရေးပါတီ**ဆိုသည်မှာ ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် အတူကြိုးပမ်းဆောင်ရွက်ကြသည့် အဖွဲ့အစည်း ဖြစ်သည်။

# ပိုမိုလေ့လာရန်




ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ်ကို ဤနေရာတွင် ကြည့်ရှုနိုင်ပါသည်။ www.idea.int



ဆက်သွယ်ရန် လိပ်စာ

- စာတိုက်
  ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA)
  Strömsborg, SE-103 34
  စတော့ဟုမ်းမြို့၊ ဆွီဒင်နိုင်ငံ



- ဖုန်းနံပါတ် +46 8 698 37 00



- အီးမေးလ် publications@idea.int

ဤ ဖတ်လွယ်မှတ်လွယ် စာအုပ်ငယ်ကို **easy-read-online.co.uk** မှ ထုတ်လုပ်သည်။
ဤစာအုပ်ငယ်တွင် Photosymbols နှင့် Shutterstock မှ
လိုင်စင်ခွင့်ရှိသောပုံများ ပါဝင်သည်။